## မဂ္ဂင်ကျောင်းမှ သံဃာတော်များကို နေရပ်ပြန်ပို့ရန် အာဏာပိုင်များ စီစဉ်
## ၂ ဒီဇင်ဘာ ၂၀၀၇

ကျောင်းကိုချိတ်ပိတ်ပြီးတော့ အတင်းအဓမ္မနှင်ထုတ်ခံခဲ့ရတဲ့ မဂ္ဂင်ကျောင်းက သံဃာတော်တွေနဲ့ ကိုရင်တွေကို အာဏာပိုင်တွေက ဒီကနေ့မှာ နေရပ်ကို အတင်းပြန်ပို့ဖို့ စီစဉ်နေပါတယ်။ ဒီကနေ့ နောက်ဆုံး ဖြစ်ရပ် အသေးစိတ်ကိုသိထားတဲ့ ရန်ကင်းမြို့နယ်က မနန်းနန်းကို ကိုကျော်ကျော်သိန်းက ဆက်သွယ်မေးမြန်းတဲ့အခါမှာတော့ မနန်းနန်းက အခြေအနေတွေကို အခုလို စရှင်းပြပါတယ်။

> "သူတို့ကို အခု စိုက်ပျိုးရေးပညာသိပ္ပံကျောင်းနဲ့ ရန်ကင်းမှာရှိတဲ့ အဲဒီကျောင်းမှာ ထားထားတယ်။ မနက်ကကျတော့ ဘုန်းကြီးကျောင်းသားတစ်ယောက်ပေ့ါနော် ကိုအောင်ဇော်ဝင်းက အဲဒီကို သွားရင်းနဲ့ အဲဒီမှာပဲ ခေါ်ထားလိုက်တယ်။ ဒီနေ့ပေ့ါ ညနေပိုင်းကိုပေ့ါ။ တောင်တွင်းကြီးက မြို့သစ်ကိုပေ့ါ ပြန်လွှတ်မယ်ပေ့ါ။ ကိုရင်သုံးပါးရယ်၊ ဘဘုန်းကြီးရယ်၊ အဲဒီ ကျောင်းသားရယ်ပေ့ါ။ ပထမ စစချင်း သမီးတို့ သိတာကျတော့ ပထမဆုံး တောင်တွင်းကြီး ကားဂိတ်ကိုပေ့ါ ကားဂိတ်ကိုပို့ပြီးတော့ ကားဂိတ်ကနေတဆင့် ပို့မယ်ပေ့ါ။ အခုကျတော့ အဲလိုမဟုတ်ဘဲနဲ့ အဲဒီကျောင်းကနေပဲပေ့ါနော် သူတို့ အက်စ်ဘီ **(SB)** သုံးယောက်ပါမယ်ပေ့ါ။ ကားတစီးငှါးပေးမယ်ပေ့ါ။ အဲဒီ သုံးယောက်ရယ်၊ ဘဘုန်းကြီးရယ်၊ ကိုရင်သုံးပါးရယ်၊ ကျောင်းသား ကိုအောင်ဇော်ဝင်းရယ်ကို အဲဒီကနေ မြို့သစ်ကို ပြန်ပို့ပေးမယ်လို့ ကြားတယ်။"

*ဟုတ်ကဲ့ အဲဒီဟာက အက်စ်ဘီက စီစဉ်တာလား၊ ဒါမှမဟုတ်ရင် ဘဘုန်းကြီးရဲ့ ဒကာ ဒကာမတွေက စီစဉ်တာလား။*

> "ဒီဘက်ကတော့ မဟုတ်ဘူးရှင့်။ ကျိန်းသေတာကတော့ အက်စ်ဘီဘက်က သူတို့ကိုယ်တိုင်ပေ့ါနော်၊ အတင်းအကျပ် စီစဉ်တာပေ့ါ။ ဒီဘက်က စီစဉ်ပေးစရာမလိုဘူး။ ဟိုဘက်က သူတို့လုပ်ပေးမယ်ဆိုတဲ့ သဘောပေ့ါ။"

*ဟုတ်ကဲ့၊ ပြန်ပို့မယ်ဆိုတဲ့ တောင်တွင်းကြီးက မြို့သစ်က ကျောင်းဆိုတာက ဒီ မဂ္ဂင်ဘုန်းကြီးရဲ့ကျောင်းလား၊ ဒါမှမဟုတ်–*

> "ဟုတ်ကဲ့၊ မွေးရာဇာတိပေ့ါ။ ကျောင်းတော့မဟုတ်ဘူး။ ဆရာတော်တွေရဲ့ ဇာတိပေ့ါ။ အဲဒီကို ပြန်လွှတ်တာ။"

*အော် အဲဒီကို ပြန်လွှတ်တဲ့သဘောပေ့ါ။ သူတို့က အဲဒီကို ပြန်ခိုင်းတဲ့ သဘောပေ့ါ။*

> "ဟုတ်ကဲ့– ဟုတ်ကဲ့ အဲလိုမျိုး ပြန်ခိုင်းတာပေ့ါနော်။ ဒီမှာ မနေခိုင်းဘဲနဲ့။"

*ဟုတ်ကဲ့၊ ဆိုတော့ စိုက်ပျိုးရေးကျောင်းက လက်မခံတာလား။ ဒါမှမဟုတ် သူတို့က အတင်းလာပြီးတော့ မြို့သစ်ကို ပြန်ရမယ်ဆိုပြီးတော့ အဲလို လုပ်တာလား။*

> "သူတို့ ပထမကျတော့ မဂ္ဂင်ကျောင်းကနေ သူတို့တွေ မောင်းထုတ်ပြီးတော့မှ အဲဒီ စိုက်ပျိုးရေးကျောင်းမှာ ပထမတုန်းက စစချင်း တစ်ရက်ပေ့ါ အထားခံတယ်ပေ့ါ။ တစ်ရက်ကျော်သွားရင်တော့ အထားမခံဘူးလို့တော့ ကြားတာပဲ။ ဘုန်းကြီးတွေပြောတာကတော့ သူတို့တွေက အထားမခံဘူးပေ့ါနော်။ အဲဒါ ပြန်လွှတ်တယ်။"

မဂ္ဂင်ကျောင်းတိုက်ကသံဃာတော်တွေကို ဒီကနေ့မှာ အာဏာပိုင်တွေက နေရပ်ပြန်ပို့လိုက်တဲ့ အခြေအနေနဲ့ ပတ်သက်ပြီးတော့ အသေးစိတ်သိသူ မနန်းနန်းက ပြောပြသွားတာပါ။